## ၂။ ကွန်တိုမျဉ်းများ ရှာဖွေနေရာချထားခြင်း

ကွန်တိုလိုင်းများကို လူနှစ်ဦးဖြင့် တောင်ထိပ်မှ စတင်၍ ရှာဖွေရမည်။ တစ်ဦးမှ A frame ကိုရွှေ့ပြီး တစ်ဦးမှာ ကွန်တိုမျဉ်းနေရာကို တိုင်စိုက်၍ မှတ်သားရမည်။ ကွန်တိုမျဉ်းရှာဖွေရန် A frame ကို မြေကြီးပေါ်တွင် ချလိုက်ပြီး နောက်ခြေထောက်ကို အသေထား၍ ရှေ့ခြေထောက်ကို ရွှေ့ရင်း ရေချိန်ညီသည့်နေရာကို လက်သမားရေချိန်ကို ကြည့်၍ တိုင်စိုက်မှတ်သားရမည်။

## ၃။ ကွန်တိုလိုင်းအလိုက် ထွန်ယက်စိုက်ပျိုးခြင်း

ကွန်တိုလိုင်းအလိုက် အကျယ် ၃ ပေခန့်ရှိစိုက်ဘောင် ရရှိရန် ထယ်ထိုးပြင်ဆင်ရမည်။ ဘောင်ပေါ်တွင် ၁ ပေခွဲ အကွာအဝေးထား၍စိုက်မြောင်း ၂ မြောင်းဖော်ပြီး သင့်လျော်သည့်ခြံစည်းရိုးပင် (ပဲစင်းငုံ၊ လက်ဖက်၊ ဘောစကိုင်း) မျိုးစေ့များကိုစိုက်မြောင်းထဲတွင်ထူထဲစွာချပြီး မြေဖြင့်ဖုံးပေးရမည်။

## ၄။ သီးနှံစိုက်ပျိုးခြင်း

ခြံစည်းရိုးပင်များ မကြီးထွားခင် သီးနှံစိုက်ပျိုးလျှင် ကွန်တိုတစ်လိုင်းကျော် (ဘောင် ၂၊ ၄၊ ၆၊ ၈) သာ စိုက်ပျိုးသင့်သည်။ နှစ်ရှည်ပင်ကို (၃) ဘောင်ကျော်လျှင်တစ်ဘောင်ကျခြံစည်းရိုးပင်နှင့် တစ်ပြိုင်တည်း စိုက်နိုင်သည်။ အပင်မြင့်မျိုးကို တောင်ခြေတွင် စိုက်၍ အပင်ပုမျိုးကို တောင်ထိပ်၌ စိုက်သင့်သည်။ နှစ်ရှည်ပင်များကြားတွင် သက်တမ်းတိုပင်များကို စိုက်ပျိုးခြင်းဖြင့် နှစ်ရှည်ပင်များ မသီးပွင့်မီ ပုံမှန်ဝင်ငွေ ရရှိနိုင်ပါသည်။

## ၅။ ခြံစည်းရိုးပင်များကို ပုံမှန်ဖြတ်ပေးခြင်း

ခြံစည်းရိုးပင်များကို မြေကြီးမှ အမြင့် ၁½ မှ ၃ ပေခန့် ချန်၍ တစ်လတစ်ကြိမ်ဖြတ်ကာ ဖြတ်စများကို စိုက်ပျိုးထားသည့် သီးနှံပင်ခြေများ၌ စုပုံ၍ ဆွေးမြေ့စေရမည်။

## ၆။ သီးလှည့်စနစ်ဖြင့် စိုက်ပျိုးခြင်း

ပဲမျိုးစုံပါဝင်သည့် ဒေသနှင့် ကိုက်ညီသော သီးလှည့်သီးနှံပုံစံ စိုက်ပျိုးပြီး ရေရှည်တည်တံ့သော တောင်စောင်းစိုက်ခင်းကို ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

## ၇။ အမြဲစိမ်းလေကာထစ်များ တည်ဆောက်ခြင်း

ကွန်တိုမျဉ်းအလိုက် နှစ်ထပ်ထူထပ်စွာ စိုက်ပျိုးထားသော အစိမ်းရောင် လေကာထစ်သဖွယ် ခြံစည်းရိုးပင်များကို ရေရှည်တည်တံ့စေပြီး မြေဆီလွှာပြုန်းတီးမှုမှ ကာကွယ်နိုင်ရန် စိုက်ခင်းသို့ သွားရောက်တိုင်း အနီးအနားရှိ ကောက်ရိုး၊ မြက်ခြောက်၊ သစ်ကိုင်း/ရွက်ခြောက်၊ ကျောက်တုံးနှင့် ကျောက်ခဲများကို ကောက်၍ ခြံစည်းရိုးပင်ခြေတွင် စုပုံပေးသင့်ပါသည်။

ဤကဲ့သို့ ရိုးရှင်းလွယ်ကူသည့် SALT စနစ်ကို ကျင့်သုံးခြင်းဖြင့် အဖိုးတန်မြေဆီလွှာကို ထိန်းသိမ်းရင်း သီးနှံမျိုးစုံကို သားစဉ် မြေးဆက် အောင်မြင်စွာ စိုက်ပျိုးသွားနိုင်မည် ဖြစ်ပါသည်။



Sloping Agricultural Land Technology (SALT)


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

မြေအသုံးချရေးဌာနခွဲ


# မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်ဖို့ တောင်စောင်းစိုက်ပျိုးနည်း (SALT) ကို ကျင့်သုံးကြပါစို့




၂၀၁၂ ခုနှစ်၊ ဩဂုတ်လ

မြန်မာနိုင်ငံ၏ တောင်ကုန်းတောင်စောင်းရှိ စိုက်ပျိုးမြေများသည် စိုက်နည်းစနစ်မှန်ကန်မှုမရှိသဖြင့် ရေနှင့်လေတိုက်စားမှုကြောင့် ပြန်လည်အစားထိုး မရနိုင်သည့် မြေသယံဇာတများ အကြီးအကျယ်ဆုံးရှုံးလျှက် ရှိပါသည်။ ဆုံးရှုံးသွားသည့် အပေါ်ယံမြေဆီလွှာနှင့်အတူ အဖိုးတန် အပင်အာဟာရဓာတ်များပါ ဆုံးရှုံးသွားသောကြောင့် ရေရှည်တည်တံ့သော စိုက်ပျိုးမြေအဖြစ် စိုက်ပျိုးနိုင်ခြင်း မရှိဘဲ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ မြေဆီလွှာနှင့် သစ်တောပြုန်းတီးမှုအတွက် အလွန်အန္တရာယ်များသည့် စိန်ခေါ်မှုနှင့် ကြုံတွေ့နေရပါသည်။

ယခုအခါ ဖိလစ်ပိုင်နိုင်ငံရှိ ဘုန်းတော်ကြီးတစ်ပါးမှ လက်တွေ့စမ်းသပ်၍ ချပြခဲ့သော တောင်စောင်းစိုက်ပျိုးနည်း SALT ကို လျောစောက် % (slope %) ၅ မှ ၁၅ အထိ ရှိသည့် တောင်ကုန်းတောင်စောင်း စိုက်ပျိုးမြေများတွင် ကျင့်သုံးခြင်းဖြင့် ရေရှည်စိမ်းလန်း တည်တံ့သော တောင်စောင်းစိုက်ခင်းကို ပိုင်ဆိုင်နိုင်ပြီဖြစ်ပါသည်။

SALT သည် တောင်သူများ လိုက်ပါဆောင်ရွက်နိုင်ရန် ရိုးရှင်းလွယ်ကူပြီး ကုန်ကျစရိတ်လည်း သက်သာသည့် နည်းလမ်းတစ်ခု ဖြစ်သောကြောင့် မဖြစ်မနေဆောင်ရွက်သင့်ပါသည်။ SALT နည်းစနစ်သည် ကွန်တိုလိုင်း (ရေပြင်ညီလိုင်း) အလိုက် ခြံစည်းရိုးပင်ကို ထူထပ်စွာစိုက်ပျိုးကာရံထားပြီး ၎င်းကွန်တိုခြံစည်းရိုးလိုင်းများကြားတွင် သီးနှံပင်များကို စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုကို ထိန်းသိမ်းကာကွယ်ရင်း ရေရှည်ဝင်ငွေရသီးနှံမျိုးစုံကို စိုက်ပျိုးနိုင်သည့် နည်းစနစ်တစ်ခုပင်ဖြစ်ပါသည်။



ပထမဦးစွာ တောင်စောင်းစိုက်ပျိုးမြေသည် လျောစောက် % မည်မျှရှိသည်ကို တိုင်းတာရပါမည်။ တိုင်းတာရန် လိုအပ်သည့် ပစ္စည်းများမှာ -

(၁) ၄ လက်မခန့် အချင်းရှိ ပလတ်စတစ်ပိုက် ၂၅ ပေခန့်

(၂) ပေကြိုး (၂) ခု

(၃) ပေကြိုးကပ်ထောင်ရန် ၆ ပေ အရှည် ပျဉ် ၂ ချောင်း

တိုင်းတာရန်အတွက် တောင်စောင်းတစ်နေရာတွင် အထက်အောက်အကွာအဝေး (၁၀) ပေ ထား၍ အထက်ဘက်နှင့် အောက်ဘက်တို့တွင် ပေကြိုးများကို ပျဉ်ချောင်းများတွင် ကပ်၍ ထောင်ထားပါ။ ရေပိုက်တွင် ရေဖြည့်၍ လူနှစ်ဦးမှ အထက်နှင့် အောက်တစ်ဘက်စီရှိ ပေကြိုးများတွင် ကပ်ပြီး ရေပြင်ညီအမှတ်များ မှတ်ပါ။

ဥပမာအားဖြင့် အောက်ဘက်ရေမျက်နှာပြင်အမှတ်သည် ၃ ပေရှိ၍ အထက်ဖက်မှာ ၂ ပေရှိပါက အနိမ့်အမြင့်ကွာခြားချက်သည် ၁၀ ပေအတွင်း ၁ ပေဖြစ်သည့်အတွက် ပေ ၁၀၀ တွင် ၁၀ ပေရှိမည်။ ထို့ကြောင့် လျောစောက် % သည် ၁၀ % ရှိသည်ဟု သတ်မှတ်နိုင်ပါသည်။

## SALT စိုက်ပျိုးနည်းစနစ်အတွက် လုပ်ဆောင်ရမည့် အဆင့်များ

### ၁။ A Frame (A ပုံဘောင်) ပြုလုပ်ခြင်း

SALT စနစ်တွင် ကွန်တိုမျဉ်းများ ရှာဖွေရန်အတွက် ပထမဦးစွာ A Frame တစ်ခု လိုအပ်သည်။ ပြုလုပ်ရန် လိုအပ်သော ပစ္စည်းများမှာ -

(၁) ၃ ပေခွဲအရှည်ရှိ ပျဉ်ချောင်း (၂) ချောင်း

(၂) ၁ ပေခွဲအရှည်ရှိ ပျဉ်ချောင်း (၁) ချောင်း

(၃) လက်သမားသုံး ရေချိန် (၁) ခု

A Frame ပြုလုပ်ရန် ပျဉ်ချောင်းအရှည်နှစ်ချောင်းကို ညီညာသော မြေပြင်တွင် ထောက်ထားပြီး ၎င်းတို့၏ ထိပ်ကို ပူးချည်ရပါမည်။ ပျဉ်ချောင်းခြေထောက် အကွာအဝေးကို ၃ ပေအကွာထားပြီး တည်ငြိမ်သော ထောင့်ပုံရအောင် လုပ်ရမည်။ ထို့နောက် ပျဉ်ချောင်းအတိုကို ကန့်လန့်ဖြတ် တပ်ဆင်ပြီး ၎င်းအပေါ်တွင် လက်သမားရေချိန်ကို ချည်ထားရမည်။

